http://www.dhammadownload.com

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# အနှိုင်းမဲ့အလှူ



GRAPHIC
NAY WINN AUNG

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

http://www.dhammadownload.com

ဓမ္မစကား။ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . . .သို့

အမှတ်တရဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

---


စာမူခွင့်ပြုချက် – ၇၅၅/၂၀၀၄ ( ၁၁ )

မျက်နှာဖုံးခွင့်ပြုချက် – ၆၈၉/၂၀၀၄ ( ၁၁ )

မျက်နှာဖုံးပန်းချီ – နေဝင်းအောင်

<u>မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း(၄၃၅)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဓမ္မဒါန

http://www.dhammadownload.com



# အနှိုင်းမဲ့အလှူ(၁)

လောကမှာ ရှိရှိသမျှ အလှူအားလုံးထဲမှာ တရားအလှူဟာ အနှိုင်းမဲ့အလှူ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ တရားအလှူထက် ပိုပြီး အလှူခံပုဂ္ဂိုလ်ကို ကောင်းကျိုးပြုပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားအလှူ မရှိတော့လို့ပါပဲ။

တရားအလှူနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားအလှူ လောကမှာ မရှိတော့တဲ့အတွက် တရားအလှူဟာ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

လှူတယ် ဆိုတာ ပေးတာပါ။ ယူသူအတွက်

http://www.dhammadownload.com

ကောင်းကျိုးတစ်စုံတစ်ရာဖြစ်စေမယ့် ပစ္စည်းဝတ္ထုတစ်ခုခု ကို ယူသူ့လက်ထဲ ထည့်ပေးလိုက်တာကိုပဲ လှူတယ်လို့ ခေါ်ပါတယ်။ အပေးခံရတဲ့ ပစ္စည်းဝတ္ထုဟာ ပေးသူနဲ့ ယူသူ နှစ်ဦးမှာ ယူသူအတွက် ကောင်းကျိုးဖြစ်ထွန်းစေဖို့က အဓိကပါပဲ။ ပေးသူအတွက်သာ ကောင်းကျိုးဖြစ်ပြီး ယူသူ အတွက် ကောင်းကျိုးမဖြစ်ရင် အဲဒီအပေးဟာ အပေး ကောင်း မဖြစ်နိုင်ပါဘူး။ ကောင်းကျိုးဖြစ်တောင်မှ အဖြစ် နည်းနေသေးရင် အဆင့်နိမ့်အပေးပဲ ဖြစ်နိုင်ပါတယ်။

လောကမှာ ပစ္စည်းပေးခြင်း (ပစ္စည်းအလှူ)နဲ့ တရားပေးခြင်း (တရားအလှူ) ဆိုပြီးတော့ ပေးခြင်းနှစ်မျိုး (အလှူနှစ်မျိုး) ရှိပါတယ်။ ပစ္စည်းပေးလိုက်လို့ ပစ္စည်းရ သွားတဲ့သူဟာ အဲဒီပစ္စည်းကို အသုံးပြုပြီး အိုနာသေရေး ဒုက္ခဘေးကနေ မလွတ်မြောက်နိုင်တဲ့အတွက် ပစ္စည်းပေး ခြင်း၊ ပစ္စည်းအလှူဟာ အကောင်းဆုံးပေးခြင်း၊ အကောင်း ဆုံးအလှူ မဟုတ်ပါဘူး။ တရားပေးလိုက်လို့ တရားရ သွားတဲ့သူကတော့ အဲဒီတရားအတိုင်း လိုက်နာကျင့်ကြံပြီး အိုနာသေရေး ဒုက္ခဘေးကနေ လွတ်မြောက်သွားနိုင်တဲ့

http://www.dhammadownload.com

အတွက် တရားပေးခြင်း (တရားအလှူ)ဟာ အကောင်း ဆုံးပေးခြင်း (အကောင်းဆုံးအလှူ) ဖြစ်ပါတယ်။

အလှူခံပုဂ္ဂိုလ်ကို ခန္ဓာဆိုတဲ့ အန္တိုင်းမဲ့ဆင်းရဲက နေ အပြီးတိုင် လွတ်မြောက်စေနိုင်ပြီး နိဗ္ဗာန်ဆိုတဲ့ အနှိုင်းမဲ့ ချမ်းသာမှာ ထာဝရ မွေ့လျော်ခွင့် ပေးနိုင်တဲ့အတွက် ကြောင့် တရားအလှူဟာ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

အစမထင်သံသရာမှ ဒီနေ့ဒီအချိန်အထိ သံသ ရာ ဝဋ်ဆင်းရဲကနေ အပြီးတိုင် လွတ်မြောက်သွားကြတဲ့ အရိယာပုဂ္ဂိုလ်ထူးတွေ မရေမတွက်နိုင်အောင် များပြားစွာ ရှိပါတယ်။ ဂင်္ဂါသဲစုမက များပြားလှတဲ့ အဲဒီအရိယာ ပုဂ္ဂိုလ်တွေထဲမှာ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်မြတ်များက လွဲရင် ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ တရားအလှူ မခံ ယူရဘဲ (တရားမနာရဘဲ) ကိုယ့်ဘာသာကိုယ်၊ ကိုယ့်ဉာဏ် နဲ့ကိုယ် ကျွတ်တမ်းမဝင်ခဲ့ဖူးသေးပါဘူး။ သူတစ်ပါးပေးလှူ တဲ့ တရားအလှူကို ခံယူပြီးမှသာ (တရားနာပြီးမှသာ) ပုဂ္ဂိုလ်အားလုံး ကျွတ်တမ်းဝင်ခဲ့ကြရပါတယ်။

အရှင်သာရိပုတ္တရာမထေရ်ဟာ မြတ်စွာဘုရားပြီး

http://www.dhammadownload.com

ရင် ပညာဉာဏ်ကြီးမားသလဲဆိုရင် ကမ္ဘာတစ်ခွင်လုံး မိုးရွာသွန်းနေတဲ့အချိန်မှာ 'မဟာသမုဒ္ဒရာထဲ ကျတဲ့ မိုးရေပေါက်က ဘယ်လောက်ရှိတယ်၊ မဟာပထဝီ မြေကြီးပေါ် ကျတဲ့ မိုးရေပေါက်က ဘယ်လောက်ရှိတယ်၊ တောင်တွေပေါ် ကျတဲ့ မိုးရေပေါက်က ဘယ်လောက်ရှိတယ်' လို့ မိုးရေတစ်ပေါက်ချင်း ရေတွက်ပြီး အတိအကျ ဂဏန်းထိုး တင်ပြနိုင်လောက်အောင်ကို ပညာဉာဏ်ကြီးမားပါတယ်။

အဲဒီလောက် ပညာဉာဏ်ကြီးမားတဲ့ အရှင်သာရိပုတ္တရာမထေရ်တောင်မှ ကိုယ့်ဉာဏ်နဲ့ကိုယ်၊ ကိုယ့်အသိနဲ့ကိုယ် တရားထူးတရားမြတ် မရရှိခဲ့ပါဘူး။ မြတ်စွာဘုရားဟောကြားတဲ့တရားကို အရှင်အဿဇိမထေရ် တစ်ဆင့်ပြန်ဟောပြတာကို နာယူရမှ တရားထူး တရားမြတ် ရရှိခဲ့ပါတယ်။ အရှင်အဿဇိမထေရ် ပေးလှူတဲ့ တရားအလှူ (ဓမ္မဒါန)ကို အလှူခံခွင့် ရခဲ့လို့သာ အရှင်သာရိပုတ္တရာမထေရ် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်နိုင်ခဲ့တာပါ။

ဘုရား၊ ပစ္စေကဗုဒ္ဓါကလွဲရင် တရားအလှူ မရှိဘဲ

http://www.dhammadownload.com

တရားထူး ရတဲ့သူ၊ တရားအလှူ မပါဘဲ သံသရာလွတ်မြောက်တဲ့သူ ရှေးကလည်း မရှိခဲ့၊ အခုလည်း မရှိ၊ နောင်လည်း ဘယ်တော့မှ ရှိမှာ မဟုတ်ပါဘူး။ တရားထူးရရေး၊ သံသရာ လွတ်မြောက်ရေးမှာ တရားအလှူဟာ မပါမဖြစ်၊ မရှိမဖြစ်တဲ့အတွက် တရားအလှူ (ဓမ္မဒါန)ဟာ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

တရားထူးရရေး၊ သံသရာလွတ်မြောက်ရေးမှာသာ တရားအလှူက ပဓာနကျတာ မဟုတ်သေးပါဘူး။ ဘဝကောင်းစားရေး၊ သံသရာ ချမ်းသာရေးမှာလည်း တရားအလှူက အဓိကအခန်းကဏ္ဍကနေ ပါဝင်ပတ်သက်နေပါသေးတယ်။

သံသရာမှာ ဘဝကောင်းရတယ်၊ ချမ်းသာကောင်း ခံစားရတယ် ဆိုတာ ကုသိုလ်ကံကောင်းရှိလို့ပါ။ ကုသိုလ်ကံကောင်းသာ မရှိရင် ချမ်းသာကောင်း ခံစားရတဲ့ဘဝကောင်းကို လုံးဝ မရနိုင်ပါဘူး။ ကုသိုလ်ကံကောင်းရှိဖို့ဆိုတာကလည်း ကုသိုလ်ကံကောင်းတွေကို စိတ်လိုလက်ရပြုလုပ်အားထုတ်မှ ရှိနိုင်ပါတယ်။ ကုသိုလ်ကံကောင်းတွေ

http://www.dhammadownload.com

ကို စိတ်လိုလက်ရ ပြုလုပ်အားထုတ်ဖြစ်ဖို့ဆိုတာကလည်း ကုသိုလ်ကံကောင်းတွေကို ပြုလုပ်အားထုတ်သင့်တယ်လို့ နားလည်သဘောပေါက်တဲ့ အသိဉာဏ်ရှိမှ ဖြစ်နိုင်ပါတယ်။ အဲဒီအသိဉာဏ်ကို တရားအလှူ (ဓမ္မဒါန)ကသာ ပေးစွမ်းနိုင်ပါတယ်။

တရားအလှူကိုသာ မခံယူရရင် ဘယ်သတ္တဝါမှ ဒါနကောင်းမှုလည်း ပြုဖြစ်မှာ မဟုတ်ပါဘူး။ သီလကောင်းမှုလည်း ပြုဖြစ်မှာ မဟုတ်ပါဘူး။ သမထကောင်းမှုလည်း ပြုဖြစ်မှာ မဟုတ်ပါဘူး။ ဝိပဿနာကောင်းမှုလည်း ပြုဖြစ်မှာ မဟုတ်ပါဘူး။

အနည်းဆုံး 'ဒါနနည်းတော့ မွဲတတ်တယ်၊ သီလနည်းတော့ ရောဂါကြွယ်၊ သမထနည်းတော့ စိတ်အားငယ်၊ ဝိပဿနာနည်းတော့ ဉာဏ်နိမ့်တယ်' ဆိုတဲ့ တရားအလှူကို ခံယူခွင့်ရလို့သာ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်ကောင်းမှုတွေကို သတ္တဝါတွေ စွမ်းအားရှိသလောက် ပြုဖြစ်နေကြတာပါ။ သတ္တဝါတွေမှာ စိတ်နေစိတ်ထားကလည်း အမျိုးမျိုး၊ ခံယူချက်ကလည်း အမျိုးမျိုးဆိုတော့

http://www.dhammadownload.com

ကုသိုလ်ကောင်းမှု ပြုကြခြင်းရဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေကလည်း တစ်ဦးနဲ့တစ်ဦး မတူညီဘဲ အမျိုးမျိုးတော့ ရှိကြမှာပါပဲ။

တချို့သတ္တဝါတွေက ကိုယ့်ဘဝ ပြည့်စုံရေးအတွက် ကုသိုလ်ကောင်းမှု ပြုကြပါတယ်။ တချို့သတ္တဝါတွေက သူများဘဝ ပြည့်စုံရေးအတွက် ကုသိုလ်ကောင်းမှု ပြုကြပါတယ်။ တချို့သတ္တဝါတွေက ကိုယ့်ဘဝ လွတ်မြောက်ရေးအတွက် ကုသိုလ်ကောင်းမှု ပြုကြပါတယ်။ တချို့ သတ္တဝါတွေက . . . ကိုယ့်ဘဝ လွတ်မြောက်ရေးအတွက်ရော၊ သူများဘဝ လွတ်မြောက်ရေးအတွက်ပါ ကုသိုလ်ကောင်းမှု ပြုကြပါတယ်။ ဟာရုဏာ၊ ပညာ အဆင့်အပေါ် မူတည်ပြီး ရည်ရွယ်ချက်၊ ဦးတည်ချက် အဆင့်အမျိုးမျိုး ကွဲပြားသွားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ သူတို့တစ်တွေ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ကုသိုလ်ကောင်းမှု ပြုဖြစ်နေကြတာဟာ အရင်းစစ်လိုက်တော့ တရားနာယူကြရလို့ပါ။ တရားအလှူခံယူကြရလို့ပါ။

http://www.dhammadownload.com

သတ္တဝါတွေ ကောင်းမှုအကျိုးခံစားပြီး ချမ်းသာပြည့်စုံနေရခြင်းရဲ့ ပင်မအကြောင်းတရားကတော့ တရားအလှူပါပဲ။ တရားအလှူ မရှိရင် ကုသိုလ်ကောင်းမှု မရှိနိုင်၊ ကုသိုလ်ကောင်းမှု မရှိရင် ကောင်းကျိုးချမ်းသာ မရှိနိုင်တဲ့အတွက် အလှူအားလုံးထဲမှာ တရားအလှူသည်သာ အကောင်းဆုံး အမြတ်ဆုံးအလှူ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

ဒါနကောင်းမှုက ပြင်ပရုပ်ဝတ္ထုဆိုင်ရာ အရည်အသွေးကို ပြည့်စုံစေနိုင်တယ် ဆိုတဲ့ အသိတရားရှိမှ ဒါနကောင်းမှုပြုဖြစ်ပါတယ်။ သီလကောင်းမှုက ကိုယ်တွင်းရုပ်ဝတ္ထုဆိုင်ရာ အရည်အသွေးကို ပြည့်စုံစေနိုင်တယ်ဆိုတဲ့ အသိတရားရှိမှ သီလကောင်းမှုပြုဖြစ်ပါတယ်။ သမထကောင်းမှုက စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကို ပြည့်စုံစေနိုင်တယ်ဆိုတဲ့ အသိတရားရှိမှ သမထကောင်းမှုပြုဖြစ်ပါတယ်။ ဝိပဿနာကောင်းမှုက အသိဉာဏ်ပိုင်းဆိုင်ရာ အရည်အသွေးကို ပြည့်စုံစေနိုင်တယ်ဆိုတဲ့ အသိတရားရှိမှ ဝိပဿနာကောင်းမှု ပြုဖြစ်ပါတယ်။ နိဗ္ဗာန်

http://www.dhammadownload.com

ကို ဦးတည်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကောင်းမှု လေးမျိုးလုံးရှိမှ ဝဋ္ဋဒုက္ခအားလုံး ချုပ်ဆုံးပြီး နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့ အသိတရားရှိမှ နိဗ္ဗာန်ကို ဦးတည်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကောင်းမှု လေးမျိုးလုံး ပြုဖြစ်ပါတယ်။

ဘဝချမ်းသာရေးအတွက်ရော၊ ဘဝလွတ်မြောက်ရေးအတွက်ပါ တရားအလှူဆိုတဲ့ အသိတရားပေးဝေမှုဟာ မရှိမဖြစ် လိုအပ်တာမို့ တရားအလှူထက် ပိုမြတ်ပါတယ်လို့ နှိုင်းယှဉ်ချိန်ထိုးစရာ တခြားအလှူ မရှိတော့တဲ့အတွက် တရားအလှူဟာ အနှိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

မြတ်စွာဘုရားရှင် သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူနေစဉ်တုန်းက ညတစ်ညရဲ့ သန်းခေါင်ယံအချိန်မှာ နတ်သားတစ်ဦး ရောက်လာပြီး မြတ်စွာဘုရားရှင်ကို အလှူနဲ့ ပတ်သက်တဲ့ မေးခွန်းတွေ မေးပါတယ်။

'မြတ်စွာဘုရား . . .၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာ ရောက်ပါသလဲဘုရား'

http://www.dhammadownload.com

'အို . . . နတ်သား . . .၊ အစားအစာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာရောက်ပါတယ်'

ဟုတ်ပါတယ်။ လူတစ်ယောက်ဟာ နဂိုက ခွန်အားဗလနဲ့ ဘယ်လောက်ပဲ ပြည့်စုံပါစေ၊ တစ်ရက်နှစ်ရက်လောက် အစားအစာ မစားရဘူးဆိုရင် နေရာကနေ မထနိုင်တော့လောက်အောင် အားအင်ကုန်ခမ်း ညှိုးနွမ်းသွားတတ်ပါတယ်။ နဂိုက ဘယ်လောက်ပဲ ခွန်အားနည်းတဲ့သူဖြစ်ဖြစ်၊ အစားအစာ စားလိုက်ရတယ်ဆိုရင် ခွန်အားတွေ ပြည့်တင်းပြီး လန်းဆန်းတက်ကြွသွားတတ်ပါတယ်။ ဒါ့ကြောင့် အစားအစာအလှူဟာ ခွန်အားအလှူ ဖြစ်ပါတယ်။

'မြတ်စွာဘုရား . . .၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာ ရောက်ပါသလဲဘုရား'

'အို . . . နတ်သား . . .၊ အဝတ်အထည်ကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာရောက်ပါတယ်'

ဟုတ်ပါတယ်။ လူတစ်ယောက်ဟာ နဂိုက ဘယ်လောက်ပဲ ရုပ်အဆင်း လှပချောမောပါစေ၊ အဝတ်လုံးဝ

http://www.dhammadownload.com

ဝတ်မထားဘူးဆိုရင်၊ ဒါမှမဟုတ် ဝတ်ထားတဲ့ အဝတ်တွေက စုတ်ပြတ်ညစ်ထေးနေတယ်ဆိုရင် ဘယ်လိုမှ ကြည့်လို့ ရှုလို့ မကောင်းတော့ဘဲ အရုပ်ဆိုး အကျည်းတန်သွားပါတယ်။ နဂိုက ဘယ်လောက်ပဲ ရုပ်ဆိုးဆိုး၊ ကိုယ်နဲ့ သင့်တော်လိုက်ဖက်တဲ့ အဝတ်ကောင်းလေးတွေ အချိုးတကျ ဝတ်ဆင်ထားမယ်ဆိုရင် 'လူမှာအဝတ်၊ တောင်းမှာအကွပ်' ဆိုတဲ့အတိုင်း လှပတင့်တယ် ရှုချင့်စဖွယ် ဖြစ်သွားနိုင်ပါတယ်။ ဒါ့ကြောင့် အဝတ်အထည်အလှူဟာ အဆင်းအလှူ ဖြစ်ပါတယ်။

'မြတ်စွာဘုရား . . .၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ချမ်းသာသုခကို ပေးလှူရာ ရောက်ပါသလဲဘုရား'

'အို . . . နတ်သား . . .၊ ယာဉ်ကို ပေးလှူတဲ့သူဟာ ချမ်းသာသုခကို ပေးလှူရာ ရောက်ပါတယ်'

ဟုတ်ပါတယ်။ ခရီးတစ်ခုသွားတဲ့အခါ ယာဉ်မပါဘူးဆိုရင်၊ ဒါမှမဟုတ် ပါတဲ့ယာဉ်က အဆင့်နိမ့်ယာဉ်ဖြစ်နေမယ်ဆိုရင် ခရီးသွားရတဲ့သူမှာ အင်မတန် ပင်ပန်းဆင်းရဲရပါတယ်။ ယာဉ်ပါတယ်ဆိုရင်၊ ဒီထက်ပိုပြီး

http://www.dhammadownload.com

ပါတဲ့ယာဉ်ကလည်း အဆင့်မြင့်ယာဉ်ဖြစ်မယ်ဆိုရင်တော့ ယာဉ်ကောင်းရင် ကောင်းသလောက် ခရီးသွားရတဲ့သူမှာ သက်သက်သာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ်ရောစိတ်ပါ ချမ်းသာရပါတယ်။ ဒါ့ကြောင့် ယာဉ်အလှူဟာ ချမ်းသာသုခအလှူ ဖြစ်ပါတယ်။ (ယာဉ်ဆိုတဲ့ စကားရပ်ထဲမှာ ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ်ပျံ စတဲ့ ယာဉ်တွေသာမက ထီး၊ ဖိနပ်၊ တောင်ဝှေး၊ ကုလားထိုင်၊ ထိုင်ခုံ ဆိုဖာ စတဲ့ သွားလာရေးအထောက်အကူပြုပစ္စည်းတွေ အားလုံး ပါဝင်ပါတယ်။)

'မြတ်စွာဘုရား . . .၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ မျက်စိကို ပေးလှူရာရောက်ပါသလဲဘုရား'

'အို . . . နတ်သား. . .၊ မီးအလင်းရောင်ကို ပေးလှူတဲ့သူဟာ မျက်စိကို ပေးလှူရာရောက်ပါတယ်'

ဟုတ်ပါတယ်။ မျက်စိအမြင်ဓာတ် ဘယ်လောက်ကောင်းတဲ့သူပဲဖြစ်ဖြစ်၊ အလင်းရောင်ကင်းမဲ့တဲ့ အမှောင်ထဲမှာ သွားလာလုပ်ကိုင်ရမယ်ဆိုရင် မျက်စိနှစ်ကွင်း အလင်းမရတဲ့သူနဲ့ ဘာမှ မထူးတော့ဘဲ သွားလာသမျှ၊

http://www.dhammadownload.com

လုပ်ကိုင်သမျှ အမှားမှားအယွင်းယွင်း ဖြစ်ကုန်တတ်ပါတယ်။ သဘာဝအရ ဘယ်လောက်ပဲ မှောင်မိုက်နေတဲ့ အချိန်ဖြစ်ဖြစ်၊ ဆီမီး၊ ဓာတ်မီး၊ လျှပ်စစ်မီး စတဲ့ မီးအလင်းရောင်တစ်ခုခုကို အားပြုမှီခိုခွင့် ရတယ်ဆိုရင်တော့ အမြင်ဓာတ်ပေါက်ပြီး စိတ်နောက်ကိုယ်ပါ သွားလိုရာသွားနိုင်၊ လုပ်လိုရာ လုပ်နိုင်ကြပါတယ်။ ဒါ့ကြောင့် မီးအလှူဟာ မျက်စိအလှူ ဖြစ်ပါတယ်။

'မြတ်စွာဘုရား . . .၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ခွန်အား၊ အဆင်း၊ ချမ်းသာသုခ၊ မျက်စိ၊ လေးမျိုးလုံး (အကုန်လုံး) ကို ပေးလှူရာ ရောက်ပါသလဲဘုရား'

'အို . . .၊ နတ်သား . . .၊ အဆောက်အအုံကို ပေးလှူတဲ့ သူဟာ ခွန်အား၊ အဆင်း၊ ချမ်းသာသုခ၊ မျက်စိ၊ လေးမျိုးလုံး (အကုန်လုံး)ကို ပေးလှူရာ ရောက်ပါတယ်'

ဟုတ်ပါတယ်။ အဆောက်အအုံပြင်ပမှာ သွားလာလုပ်ကိုင်နေရတဲ့သူတွေအတွက် ပင်ပန်းခြင်းဒဏ်ကြောင့် ခွန်အားဆုတ်ယုတ်မှု၊ နေပူလေပူမြူမှုန်ဒဏ်ကြောင့် ရုပ်အဆင်းဖောက်ပြန်မှု၊ ဆူးငြောင့်ခလုတ်, မြွေ

http://www.dhammadownload.com

ကင်း, သူခိုးဓားပြ, ရာသီဥတုဒဏ် စတဲ့ ဆင်းရဲဒုက္ခ၊ လေပူ နေပူမြူမှုန်ဒဏ်ကြောင့် မျက်စိဖန်စပ်မှု ဖြစ်တတ်ပါတယ်။ အဆောက်အအုံအတွင်း ဝင်ရောက် ခိုနားလိုက်ရတယ် ဆိုရင်တော့ ခွန်အားပြည့်တင်းမှု၊ ရုပ်အဆင်း တင့်တယ်မှု၊ ချမ်းသာသုခ၊ မျက်စိကြည်လင်မှု ပြန်ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း စတဲ့ အဆောက်အအုံအလှူဟာ အကုန်လုံးအလှူ အားလုံးအလှူ ဖြစ်ပါတယ်။

နတ်သားမေးတဲ့ မေးခွန်းတွေထဲမှာ မပါတဲ့ အလှူ တစ်မျိုးကို မြတ်စွာဘုရားရှင်က ကိုယ်တော်တိုင်ပဲ အခုလို ဖြည့်စွက်မိန့်ကြားတော်မူပါတယ်။

'အို . . . နတ်သား . . .၊ တရားကို ပေးလှူတဲ့ သူဟာ နိဗ္ဗာန်ကို ပေးလှူရာ ရောက်ပါတယ်'

ဟုတ်ပါတယ်။ တရားအလှူ မခံယူရရင် (တရား မနာရရင်) တရားမသိနိုင်ပါဘူး။ တရားမသိရင် တရား မကျင့်နိုင်ပါဘူး။ တရားမကျင့်ရင် တရား မရှိနိုင်ပါဘူး။ တရားမရှိရင် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ပါဘူး။ တရား

http://www.dhammadownload.com

အလှူ ခံယူရမှသာ (တရားနာရမှသာ) တရားသိနိုင်ပါတယ်။ တရားသိမှ တရားကျင့်နိုင်ပါတယ်။ တရားကျင့်မှ တရားရှိနိုင်ပါတယ်။ တရားရှိမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ ဒါ့ကြောင့် တရားအလှူဟာ နိဗ္ဗာန်အလှူဖြစ်ပါတယ်။

အို . . . အံ့ဩစရာ ကောင်းလိုက်တာ . . .။ တရားလှူရင် နိဗ္ဗာန်လှူရာရောက်တယ် . . . တဲ့။ ကိုယ့်လက်ထဲမှာ နိဗ္ဗာန်ဆိုတဲ့ပစ္စည်း ထင်ရှားမရှိသေးဘဲနဲ့တောင် (ကိုယ်နိဗ္ဗာန်မရသေးဘဲနဲ့တောင်) သူတစ်ပါးလက်ထဲ နိဗ္ဗာန်ဆိုတဲ့ပစ္စည်း ထည့်ပေးနိုင်တဲ့အလှူ တစ်လောကလုံးရဲ့ အနှိုင်းမဲ့ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ကြီးတစ်ခုလုံး သူတစ်ပါးကို အခမဲ့ပေးခွင့်ရတဲ့အလှူ ဒီအလှူလောက် မြတ်တဲ့အလှူ လောကမှာ ရှိနိုင်ပါဦးမလား။ ကိုယ်ရဖို့တောင် မလွယ်တဲ့နိဗ္ဗာန် သူတစ်ပါးကို ပေးနိုင်တယ်ဆိုတော့ တရားအလှူဟာ အနှိုင်းမဲ့အလှူပဲပေါ့။

'တရားအလှူဟာ နိဗ္ဗာန်အလှူ' ဆိုတဲ့စကားရပ်ထဲမှာ 'နိဗ္ဗာန်' ကို မြတ်စွာဘုရားရှင်က 'နိဗ္ဗာန' လို့

http://www.dhammadownload.com

တိုက်ရိုက်မဟောဘဲ 'အမတ' လို့ ဟောကြားထားပါတယ်။ 'အမတ' ဆိုတာ မသေတဲ့နေရာ၊ မသေရာ အရပ်ပါပဲ။ လိုရင်းကတော့ 'မသေခြင်းသဘော' ပေါ့။ ဘယ်တော့မှ မသေနိုင်တဲ့သဘော၊ ဘယ်တော့မှ မပျက်စီးနိုင်တဲ့သဘောကို 'အမတ' လို့ ခေါ်ပါတယ်။

ဓမ္မဒါနဟာ အမတဒါနပါ။ တရားအလှူဟာ မသေခြင်း အလှူပါ။ သူတစ်ပါးကို တရားပေးလှူရင် သူတစ်ပါးကို မသေခြင်း ပေးလှူရာရောက်ပါတယ်။ မသေဓာတ် ပေးအပ်ရာရောက်ပါတယ်။ မသေအောင် လုပ်ပေးရာ ရောက်ပါတယ်။ သူတစ်ပါးကို မသေအောင် လုပ်ပေးရတဲ့ အလုပ်လောက် ကောင်းတဲ့အလုပ်မျိုး လောကမှာ ရှိနိုင်ပါဦးမလား။ (လုံးဝ) လုံးဝကို မရှိနိုင်တော့ပါဘူး။

လောကမှာ လူတိုင်းလူတိုင်း သေရမှာ ကြောက်ကြပါတယ်။ (ရဟန္တာမှအပ) သေချင်တဲ့လူရယ်လို့ တစ်ယောက်မှ မရှိပါဘူး။ အသေလွတ်တဲ့အဖြစ်မျိုးကို လူတိုင်းလိုချင်ကြပါတယ်။ ကိုယ့်ရဲ့ တရားအလှူကြောင့် သူတစ်ပါးမှာ ဘယ်တော့မှ မသေရတော့ဘဲ အသေလွတ်သွားတယ်

http://www.dhammadownload.com

ဆိုရင် ဘယ်လောက်များ ဝမ်းသာစရာကောင်းလိုက် သလဲလို့ . . . ။

'ဓမ္မ' ကြောင့် 'အမတ' ကို ရနိုင်တယ်၊ မရနိုင်ဘူး ဆိုတာကတော့ အထူးစဉ်းစားနေစရာတောင် မလိုပါဘူး။ 'အပ္ပမာဒေါ အမတံ ပဒံ' ဆိုတဲ့ အဆုံးအမတရားတစ်ခုကို ကြည့်လိုက်ရုံနဲ့ သိသာထင်ရှားနေပါပြီ။

မြတ်စွာဘုရား ဟောကြားထားသမျှ တရားအား လုံးရဲ့ အနှစ်ချုပ်က 'အပ္ပမာဒတရား' ပါ။ မြန်မာလိုတော့ 'မမေ့တရား' ပေါ့။ မကောင်းမှု အကုသိုလ်မှန်သမျှ မပြု လုပ်ဖို့ မမေ့တဲ့အပ္ပမာဒတရား၊ ကောင်းမှု ကုသိုလ်မှန်သမျှ ပြည့်စုံအောင် ဖြည့်ကျင့်ဖို့ မမေ့တဲ့ အပ္ပမာဒတရား၊ မိမိရဲ့ စိတ်ကို ဖြူစင်သန့်ရှင်းနေအောင် အားထုတ်ဖို့ မမေ့တဲ့ အပ္ပမာဒတရား၊ အဲဒီ အပ္ပမာဒတရားနဲ့ ပြည့်စုံရင် ပြည့်စုံ တဲ့တစ်နေ့ အမတကို အပြီးအပိုင် ရပါလိမ့်မယ်။

အမတကို အပြီးအပိုင်ရရင် ဘယ်တော့ဆို ဘယ် တော့မှ မသေရတော့ပါဘူး။ မဆုံးနိုင်အောင် ထပ်တလဲလဲ သေနေရတဲ့ အသေသံသရာက ထာဝရ လွတ်မြောက်သွား

http://www.dhammadownload.com

ပါပြီ။ ဒါ့ကြောင့် မြတ်စွာဘုရားရှင်က 'အပ္ပမာဒေါ အမတံ ပဒံ = အပ္ပမာဒတရားဟာ အမတကို ရခြင်းရဲ့ အကြောင်း ပဲ' လို့ မိန့်ကြားတော်မူပါတယ်။

ဓမ္မကို ပေးလှူတယ်ဆိုတာ အပ္ပမာဒတရားကို ပေးလှူတာပါပဲ။ အပ္ပမာဒတရား ဆိုတာကလည်း အမတရဲ့ အကြောင်းရင်းဖြစ်နေတော့ ဓမ္မပေးလှူသူဟာ အမတပေးလှူသူ ဖြစ်ရတော့တာပေါ့။ အပ္ပမာဒတရားကို အလှူခံယူရရှိသူအနေနဲ့ မိမိလက်ထဲရောက်လာတဲ့ အပ္ပမာဒတရားနဲ့အညီ မမေ့မလျော့ မပေါ့မဆ ကျင့်ကြံ နေထိုင်သွားဖို့တော့ လိုအပ်တာပေါ့။

တရားလှူတယ်ဆိုတာ 'နည်း' ကို လှူတာပါ။ ကိုယ့်လက်ထဲရောက်လာတဲ့ 'နည်း'ကို လမ်းညွှန်ချက်နဲ့ အညီ စနစ်တကျ အသုံးမချတတ်ဘူးဆိုရင်တော့ 'နည်း' ကပေးတဲ့ ကောင်းကျိုးချမ်းသာတွေကို ခံစားခွင့်ရမှာ မဟုတ်ပါဘူး။ သူတစ်ပါးပေးတဲ့ 'နည်း' အတိုင်း ကိုယ်ကိုယ်တိုင် လက်တွေ့ကျင့်သုံးကြည့်မှ နည်းရဲ့ တန်ဖိုး၊ နည်းရဲ့ ကောင်းကျိုးကို အပြည့်အဝ ခံစားခွင့်ရမှာပါ။

http://www.dhammadownload.com

သူတစ်ပါးက ကိုယ့်ကို အစားအစာ ပေးလှူလာရင် အဲဒီအစားအစာကို ကိုယ်ကိုယ်တိုင် စားကြည့်မှ အစားအစာရဲ့ အရသာ သိနိုင်သလို သူတစ်ပါးက ကိုယ့်ကို တရားပေးလှူလာရင်လည်း အဲဒီ တရားအတိုင်း ကိုယ်ကိုယ်တိုင် ကျင့်ကြံနေထိုင်ကြည့်မှ တရားရဲ့ အရသာကို လက်တွေ့ခံစားခွင့်ရနိုင်ပါတယ်။ တရားကပေးတဲ့ ကောင်းကျိုးချမ်းသာကို လိုချင်ရင် တရားကို လက်တွေ့ကျင့်သုံးဖို့ အထူးအရေးကြီးပါတယ်။ တရားကို တရားနဲ့တူအောင် တကယ်ကျင့်မကြည့်ဘဲနဲ့ တရားအကျိုး မခံစားရပါဘူး ဆိုတာကတော့ သဘာဝမကျပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် တရားရဲ့ ပင်ကိုသဘာဝသတ္တိကတော့ တရားကျင့်သူကို မသေရာနိဗ္ဗာန်အထိ အရောက်ပို့ပေးနိုင်တာမို့ တရားအလှူခံယူသူက တရားအတိုင်း ကျင့်ကျင့်၊ မကျင့်ကျင့် တရားပေးလှူသူဟာ မသေခြင်းကို ပေးလှူရာ ရောက်နေတာပါပဲ။ အခုလောလောဆယ် တရားမကျင့်လို့ အခုချက်ချင်း သေခြင်းတရားက မလွတ်တောင် ကိုယ်လှူလိုက်တဲ့တရားကြောင့် တစ်နေ့နေ့ တစ်

http://www.dhammadownload.com

ချိန်ချိန် တစ်နေရာရာမှာတော့ တရားကျင့်ဖြစ်သွားပြီး သေခြင်းတရားက လွတ်မြောက်သွားမှာ အမှန်ပါပဲ။ အနာဂတ်အတွက် အထုံပါရမီတော့ သေချာပေါက် ဖြစ်သွားတယ်ဆိုပါတော့။

မြတ်စွာဘုရား ဟောကြားတဲ့တရားကို မြတ်စွာဘုရားထံက တိုက်ရိုက် နာကြားရလို့ပဲဖြစ်ဖြစ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေထံက တစ်ဆင့်နာကြားရလို့ပဲဖြစ်ဖြစ်၊ တရားထူးတရားမြတ် ရသွားပြီး သေခြင်းတရားက လွတ်မြောက်သွားသူတွေ အရင်ကလည်း မရေမတွက်နိုင်အောင် မြောက်မြားစွာ ရှိခဲ့သလို အခုလည်း မရေမတွက်နိုင်အောင် မြောက်မြားစွာ ရှိပါတယ်။ နောင်လည်း မရေမတွက်နိုင်အောင် မြောက်မြားစွာရှိနေဦးမှာပါပဲ။ နိဗ္ဗာန်အပြီးရောက်လို့ အသေသံသရာက အပြီးလွတ်သွားသူအားလုံး တရားအလျှကြောင့် လွတ်သွားရတာမို့ တရားအလှူကြောင့် အသေသံသရာက လွတ်မြောက်သွားရပုံကို သက်သေသာဓက ထုတ်ပြမနေတော့ပါဘူး။

■

http://www.dhammadownload.com



# အနှိုင်းမဲ့အလှူ(၁)

(ဒုတိယပိုင်း)

တရားအလှူကို မည်သူမဆို ပေးလှူခွင့်ရှိပါတယ်။ ကိုယ့်ရင်ထဲမှာ တရားရှိရှိ၊ မရှိရှိ၊ ကိုယ်ပေးလှူတဲ့တရားက နည်းလမ်းမှန်ကန်တဲ့တရား ဖြစ်မယ်ဆိုရင် အလှူခံသူမှာ ကျင့်ရင်ကျင့်သလောက် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းနိုင်ပါတယ်။ တရားမှန်ဖို့ အဓိကပါ။

ဒါပေမဲ့ ကိုယ်ပေးလှူတဲ့တရားက ကိုယ်ကိုယ်တိုင် ကျင့်သုံးအားထုတ်ထားပြီးလို့ ကိုယ့်သန္တာန်မှာ အမှန်တကယ် ပြည့်စုံနေတဲ့တရား ဖြစ်မယ်ဆိုရင်တော့ ပို

http://www.dhammadownload.com

ကောင်းပါတယ်။ အကျိုးရလဒ်အနေနဲ့ မပြည့်စုံသေးတောင် အကြောင်းလုပ်ရပ်အနေနဲ့ အထိုက်အလျောက် ပြည့်စုံဖို့တော့ လိုအပ်ပါတယ်။ ကိုယ်ကိုယ်တိုင် အတတ်နိုင်ဆုံး ကျင့်သုံးနေတဲ့ တရားကို ပေးလှူမှ အဲဒီတရားအလှူဟာ ဗုဒ္ဓအလိုတော်ကျ တရားအလှူ ဖြစ်မှာပါ။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက တောအုပ်တစ်ခုမှာ တစ်ပါးတည်း သီတင်းသုံးပြီး ဥပုသ်နေ့တိုင်း တရားအလှူ ပေးလှူတဲ့ ရဟန်းတော်တစ်ပါး ရှိခဲ့ဖူးပါတယ်။ တရားတစ်ပွဲကို တရားတစ်ပုဒ်စီ ပြောင်းပြီး တရားပုဒ်ရေများစွာ ဟောကြားပေးလှူတာမျိုး မဟုတ်ပါဘူး။ တရားတစ်ပုဒ်တည်းကိုပဲ တရားပွဲတိုင်းမှာ ထပ်ခါထပ်ခါ ဟောကြားရင်း တရားအလှူ ပေးလှူနေတာပါ။

သူဟောတဲ့တရားကလည်း ရှည်ရှည်လျားလျား များများစုံစုံ မဟုတ်ပါဘူး။ ဥဒါန်းဂါထာလေး တစ်ပုဒ်တည်းပါ။ မြန်မာလိုတော့ 'သတိ, ဉာဏ်ယှဉ်၊ ငြိမ်သက်လျှင်၊ ပူပင်သောကငြိမ်း' လို့ အဓိပ္ပာယ် ရပါတယ်။ လိုရင်းတိုရှင်းတရားလို့ပဲ ဆိုပါတော့။ သူ့ရဲ့ လိုရင်းတိုရှင်း တရား

http://www.dhammadownload.com

ဆုံးတာနဲ့ တစ်ပြိုင်နက် တောထဲမှာ တရားလာနာကြတဲ့ နတ်ပြဟ္မာတွေက တစ်ခဲနက် သာဓုခေါ်ကြပါတယ်။ သာဓုသံ ညံလိုက်ပုံများ မြေပြိုတဲ့အသံလို့တောင် ထင်မှတ်ရပါသတဲ့။

ဥပုသ်နေ့တစ်နေ့မှာတော့ တပည့်ရဟန်းငါးရာစီ အခြံအရံနဲ့ မြို့က ပိဋကတ်သုံးပုံဆောင်ဆရာတော်နှစ်ပါးသူ့ရဲ့ တောအုပ်ကို ကြွရောက်လာကြပါတယ်။ ဒီတောထဲက နတ်တွေ တရားနာဝါသနာပါကြောင်း၊ တရားဆုံးတာနဲ့ တစ်ပြိုင်နက် နတ်တွေရဲ့ သာဓုခေါ်သံ တစ်တောလုံး ညံသွားကြောင်း ကျောင်းခံရဟန်းတော်က လျှောက်ထားပြီး တရားဟောပေးဖို့ တောင်းပန်တဲ့အတွက် အဲဒီဥပုသ်နေ့မှာ တိပိဋကရေ ဆရာတော်နှစ်ပါး တစ်ပြိုင်တည်း တရားဟောကြပါတယ်။

တစ်ပါးက ပါဠိတော်ကို ရွတ်ဆိုပြီး ကျန်တစ်ပါးက အဲဒီပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်ကို ရှင်းပြပါတယ်။ ပိဋကတ်သုံးပုံ အာဂုံဆောင်ထားတဲ့ ဆရာတော်တွေက အကြောင်းအရာ အချက်အလက်မျိုးစုံ၊ ဥပမာ သာဓက

http://www.dhammadownload.com

မျိုးစုံနဲ့ တန်ဆာဆင်ပြီး ဟောကြတာဆိုတော့ တရားက မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ သိပ်ကို ပြည့်စုံလှပါတယ်။ ဒါပေမဲ့ တရားသာ ဆုံးသွားတယ်၊ ဘယ်နတ်တစ်ယောက်ကမှ သာဓုမခေါ်ကြပါဘူး။

'ငါ့ရှင်၊ သင်ပြောတော့ ဒီတောထဲက နတ်တွေ တရားဆုံးရင် သာဓုအကြီးအကျယ် ခေါ်ကြတယ်ဆို၊ ခုတော့ ဘယ်လိုလဲ'

'ခါတိုင်း တပည့်တော် တရားဟောရင်တော့ သာဓုသံတွေ ပဲ့တင်ထပ်နေတာပါဘုရား၊ ဒီနေ့ဘယ်လိုများ ဖြစ်တာပါလိမ့်'

'ကဲ၊ ဒါဖြင့် . . . ငါ့ရှင် ဟောနေကျတရား ဟောစမ်းပါဦး'

သူဟောနေကျ ဂါထာလေးတစ်ပုဒ် ဟောလိုက် တယ်ဆိုရင်ပဲ နတ်တွေ သာဓုခေါ်လိုက်ကြတာ ခါတိုင်း ထက်တောင် အသံလှိုင်း ပိုကြီးနေပါသေးတယ်။ ဆရာ တော်နှစ်ပါးရဲ့ တပည့်တွေက 'ဒီတောထဲက နတ်တွေ မျက်နှာလိုက်တယ်၊ မကျေနပ်ဘူး' ဆိုပြီး မြတ်စွာဘုရားကို

http://www.dhammadownload.com

သွားလျှောက်ကြတဲ့အတွက် မြတ်စွာဘုရားရှင်က ဂါထာ တစ်ပုဒ်နဲ့ တရားဟောတော်မူပါတယ်။

'တရားတွေ အများကြီး တတ်မြောက်ရုံ၊ တရားတွေ အများကြီး ဟောပြောနိုင်ရုံနဲ့တော့ 'တရားဆောင်သူ' မဖြစ်သေးပါဘူး။ တရားနည်းနည်းပဲ သိပေမယ့် သိတဲ့ တရားအတိုင်း ကျင့်ကြံအားထုတ်တဲ့အတွက် တရားကို ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းမြင်သွားပြီဆိုရင်တော့ 'တရား ဆောင်သူ' ဖြစ်ပါပြီ။ တကယ်လို့ တရားမမြင်နိုင်သေး တောင်မှ တရားအတိုင်း မမေ့မလျော့ ကျင့်ကြံအားထုတ် နေတယ်ဆိုရင်လည်း 'တရားဆောင်သူ' လို့ပဲ ခေါ်နိုင်ပါ တယ်'

တကယ်တော့ တောထဲက နတ်တွေက မျက်နှာ လိုက်ပြီး သာခုခေါ်တာ မဟုတ်ပါဘူး။ တစ်ဂါထာတည်း ဟောတဲ့ ရဟန်းတော်က ကိလေသာကုန်တဲ့ ရဟန္တာဖြစ် နေပြီး ရှည်ရှည်လျားလျား ဟောတဲ့ ရဟန်းတော်တွေက ကိလေသာအပြည့်ရှိတဲ့ ပုထုဇဉ်တွေ ဖြစ်နေလို့ ကိလေသာ ကုန်အောင် အရင်ဆုံး အားထုတ်ကြစေချင်တဲ့ စေတနာနဲ့

http://www.dhammadownload.com

သာဓုသံမပေးဘဲ မျိုသိပ်ထားလိုက်ကြတာပါ။ ဒါမှမဟုတ် တရားရှိသူ ဟောတဲ့ တရားနဲ့ တရားမရှိသူ ဟောတဲ့တရား စွမ်းအားချင်း ကွာခြားနေတာကြောင့်လည်း သာဓုမခေါ်တာ ဖြစ်နိုင်ပါတယ်။

မြတ်စွာဘုရားရှင်က 'သစ္စာတရား သိမြင်ပြီးသူနဲ့ အပ္ပမာဒတရား လက်ကိုင်ထားသူသာ တရားဆောင်သူအစစ် ဖြစ်တယ်' လို့ မိန့်ကြားတော်မူထားပါတယ်။ တရားဆောင်သူဟာ တရားရှိသူပါ။ တရားရှိသူ ပေးလှူတဲ့ တရားထဲမှာ မမြင်ရတဲ့ လျှို့ဝှက်စွမ်းအားတွေ အပြည့်အသိပ် ကိန်းဝပ်နေမှာ သေချာပါတယ်။ လျှို့ဝှက်စွမ်းအားဆိုတာ သူ့ရဲ့ မေတ္တာ, ပညာစတဲ့ ကိုယ်ပိုင်တရားစွမ်းအားတွေပါပဲ။

တရားရှိသူ ပေးလှူတဲ့ တရားအလှူကို ခံယူရရင် အဲဒီတရားထဲမှာ ကိန်းဝပ်နေတဲ့ လျှို့ဝှက်စွမ်းအားတွေရဲ့ ရိုက်ခတ်မှု အရှိန်အဝါကြောင့် အလှူခံရသူမှာ သဒ္ဓါပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာပြီး တရားအတိုင်း လိုက်နာကျင့်သုံးချင်တဲ့စိတ်တွေ အထူးထက်သန်လာပါတယ်။ သဒ္ဓါစိတ် အထူးထက်သန်နေချိန်မှာ အားထုတ်မှုလည်း တရား

http://www.dhammadownload.com

က အလျှင်အမြန် တိုးတက်သွားနိုင်တာပါ။

အလှူခံပုဂ္ဂိုလ်ကို သဒ္ဓါစိတ် အထူးထက်သန်သွားစေမယ့် တရားအလှူမျိုးဆိုရင် များများစားစား ပေးလှူမှ မဟုတ်ပါဘူး၊ နည်းနည်းပါးပါး ပေးလှူရုံနဲ့ အကျိုးများပါတယ်။ အရှင်သာရိပုတ္တရာမထေရ်အလောင်း ဥပတိဿပရိဗိုဇ်ကို အရှင်အဿဇိမထေရ်က ဂါထာတစ်ပုဒ်ရဲ့ တစ်ဝက် (ဂါထာဝက်၊ ဂါထာစာကြောင်းတိုလေးနှစ်ကြောင်း) လောက်ကလေး တရားအလှူပေးလှူရုံနဲ့ ဥပတိဿပရိဗိုဇ် သောတာပန် တည်သွားခဲ့ပါတယ်။

အဲဒီဂါထာတစ်ပုဒ်လုံးကိုပဲ ဥပတိဿပရိဗိုဇ်က သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်း ကောလိတပရိဗိုဇ် (အရှင်မဟာမောဂ္ဂလ္လာန်မထေရ်အလောင်း)ကို ထပ်ဆင့် တရားအလှူ ပေးလှူတဲ့အတွက် ကောလိတပရိဗိုဇ်လည်း သောတာပန် တည်သွားပြန်ပါတယ်။

ဂါထာတစ်ပုဒ်ဆိုတာ အင်မတန် တိုကျဉ်းလှတဲ့ တရားအလှူပါ။ တိုတိုတုတ်တုတ်တရားအလှူ အသေးစားတရားအလှူ ဆိုပါတော့။ တရားက 'တိုကျဉ်းထိ'

http://www.dhammadownload.com

ပေမယ့် ဉာဏ်က 'လိုရင်းမိ' သွားတော့ အသွင်သဏ္ဌာန် အရ 'အသေးစားတရားအလှူ' ဟာ အနှစ်သာရအရ 'အကြီးစားတရားအလှူ' ဖြစ်သွားပါတယ်။ ယူတတ်သူကို ပေးရတဲ့ တရားအလှူဟာ အနှိုင်းမဲ့အလှူအစစ်ပါပဲ။

တရားအလှူကို အသံထွက်တရားအလှူနဲ့ အသံတိတ်တရားအလှူလို့ နှစ်မျိုးခွဲခြားနိုင်ပါတယ်။ အသံထွက် ဓမ္မဒါနနဲ့ အသံတိတ် ဓမ္မဒါနပေါ့။ ဘာလုပ်သင့်တယ်၊ ဘာမလုပ်သင့်ဘူး၊ ဘယ်လိုလုပ်သင့်တယ်၊ ဘယ်လိုမလုပ်သင့်ဘူး ဆိုတာကို ဝေါဟာရစကားလုံးတွေ သုံးနှုန်းပြီး အသံထွက်ဟောကြားတာကို 'အသံထွက်ဓမ္မဒါန' လို့ ခေါ်ပါတယ်။ ဘာအသံ၊ ဘာစကားလုံးမှ မပါဘဲ လုပ်သင့်တဲ့အလုပ်ကို လုပ်သင့်တဲ့ပုံစံနဲ့ လက်တွေ့လုပ်နေတာ၊ မလုပ်သင့်တဲ့အလုပ်ကို မလုပ်သင့်တဲ့ပုံစံနဲ့ လက်တွေ့ မလုပ်နေတာကို 'အသံတိတ်ဓမ္မဒါန' လို့ ခေါ်ပါတယ်။

အသံထွက် ဓမ္မဒါနက အရေးပါလှသလို အသံတိတ်ဓမ္မဒါနကလည်း အရာရောက်လှပါတယ်။ ကိုယ်က စိတ်သဘောထားဖြူစင်နေရင် ကိုယ့်ကိုကြည့်ပြီး သူတစ်ပါး

http://www.dhammadownload.com

လည်း စိတ်သဘောထား ဖြူစင်အောင် ကြိုးစားချင်လာပါတယ်။ ကိုယ်က စကားပြော သိမ်မွေ့နေရင် ကိုယ့်ကို ကြည့်ပြီး သူတစ်ပါးလည်း စကားပြောသိမ်မွေ့အောင် အားထုတ်ချင်လာပါတယ်။ ကိုယ်က အပြုအမူလုပ်ရပ် မြင့်မြတ်နေရင် ကိုယ့်ကို ကြည့်ပြီး သူတစ်ပါးလည်း အပြုအမူလုပ်ရပ် မြင့်မြတ်အောင် ဆောင်ရွက်ချင်လာပါတယ်။ 'ဒီလိုစိတ်ထားပါ၊ ဒီလို စကားပြောပါ၊ ဒီလိုအလုပ်လုပ်ပါ' လို့ နှုတ်က ထုတ်မပြောပေမယ့် ထုတ်ပြောတာထက် ပိုပြီး ထိရောက်ပါတယ်။

ကိုယ့်ရဲ့ ကိုယ်၊ နှုတ်၊ စိတ်ကို အကောင်းနိုင်ဆုံးကောင်းအောင် ပြုပြင်နေထိုင်ခြင်းဖြင့် ကိုယ်နဲ့ ထိတွေ့ဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်ကို အသံတိတ်တရားအလှူ အမြဲပေးလှူသင့်ပါတယ်။ အသံတိတ်တရားအလှူရဲ့ အဓိကအမှတ်အသားကတော့ ဣန္ဒြေသိက္ခာနဲ့ ကိုယ်ကျင့်တရားပါပဲ။ ကိုယ့်ရဲ့ ဣန္ဒြေသိက္ခာကို တည်ငြိမ်ရင့်ကျက်အောင် အားထုတ်နေခြင်း၊ ကိုယ့်ရဲ့ ကိုယ်ကျင့်တရားကို ဖြူစင်သန့်ရှင်းအောင် စောင့်ထိန်းနေခြင်းသည်ပင်လျှင်

http://www.dhammadownload.com

ကိုယ့်ပတ်ဝန်းကျင်ကို အသံတိတ်တရားအလှူ ပေးလှူနေခြင်းပါပဲ။ အသံတိတ် အနှိုင်းမဲ့အလှူပေါ့။

ဥပတိဿပရိဗိုဇ်ဟာ တည်ငြိမ်ရင့်ကျက်တဲ့ ဣန္ဒြေသိက္ခာနဲ့ ဆွမ်းခံကြွနေတဲ့ အရှင်အဿဇိမထေရ်ကို မြင်မြင်ချင်း အခုလို ကြံစည် ဆုံးဖြတ်ခဲ့ပါတယ်။

'ဒီလောက် ဣန္ဒြေသိက္ခာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မျိုး ငါတစ်ခါမှ မတွေ့ဖူးသေးပါဘူး၊ ဧကန္တ ဒီပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ပုဂ္ဂိုလ်၊ ရဟန္တာ သို့မဟုတ် ရဟန္တာဖြစ်အောင် ကျင့်နေတဲ့ပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်၊ သူကျင့်နေတဲ့တရား ငါမေးဦးမှပဲ'

ကောလိတပရိဗိုဇ်ကလည်း သူ့သူငယ်ချင်း ဥပ-တိဿ အဝေးက လာနေတာကို မြင်တာနဲ့ အခုလို နှလုံးသွင်းပြီး ချက်ချင်း တရားတောင်းတော့တာပါပဲ။

'ဒီနေ့ ငါ့သူငယ်ချင်းရဲ့ ရုပ်ဆင်းလက္ခဏာ ခါတိုင်းနေ့တွေနဲ့ လုံးဝ မတူဘူး၊ မျက်နှာလေးက သန့်စင်ပြီး ကြည်လင်နေတာပဲ၊ သွားပုံလာပုံကလည်း ဣန္ဒြေသိက္ခာရှိလိုက်တာ၊ ဧကန္တ ငါ့သူငယ်ချင်းတော့ ငါတို့ရှာနေတဲ့

http://www.dhammadownload.com

'မသေတရား' တွေ့လာပြီထင်တယ်၊ သူတွေ့လာတဲ့ မသေ တရား, သူရလာတဲ့ မသေတရား ငါ မေးဦးမှပဲ'

ဥပတိဿရော ကောလိတပါ အသံတိတ်တရား အလှူကို အရင်ဆုံး ခံယူပြီးမှ အသံထွက်တရားအလှူကို ခံယူခဲ့ကြရတာပါ။ အသံတိတ်တရားအလှူက ဆွဲဆောင်မှု အားကောင်းမှ အသံထွက်တရားအလှူက အစွမ်းသတ္တိ ထက်မြက်ပါတယ်။ အနှိုင်းမဲ့အလှူ ပေးလှူချင်သူများ အထူးသတိပြုစရာပါပဲ။

အသံတိတ်တရားအလှူဆိုတာ ကိုယ့်ကိုယ်ကို တရားရှိအောင် ကြိုးစားနေခြင်း၊ ကြိုးစားတဲ့အတွက် ကိုယ့်သန္တာန်မှာ တရားရှိနေခြင်းကို ခေါ်တာပါ။ ကိုယ့်မှာ ပစ္စည်းရှိမှ သူတစ်ပါးကို ပစ္စည်းပေးလှူနိုင်သလို ကိုယ့်မှာ တရားရှိမှလည်း သူတစ်ပါးကို တရားပေးလှူနိုင်ပါတယ်။ ကိုယ့်မှာ ငွေတစ်သိန်းမရှိဘဲနဲ့ သူတစ်ပါးကို ငွေတစ်သိန်း ပေးလှူချင်လို့ မရသလို ကိုယ့်မှာ တရားမရှိဘဲနဲ့လည်း သူတစ်ပါးကို တရားပေးလှူချင်လို့ မရပါဘူး။

အငှားပစ္စည်းနဲ့ ပစ္စည်းအလှူ လှူရင် ကြွေးတင်

http://www.dhammadownload.com

ပြီး စိတ်ညစ်ရသလို အငှားတရားနဲ့ တရားအလှူ လှူရင်လည်း သူတစ်ပါးရဲ့ အကဲ့ရဲ့ခံရပြီး စိတ်ညစ်ရတတ်ပါတယ်။ ကိုယ့်မှာ တကယ်ရှိတဲ့ ကိုယ်ပိုင်ပစ္စည်းနဲ့ ပစ္စည်းအလှူ လှူရမှ ကြွေးကင်းပြီး စိတ်ချမ်းသာရသလို ကိုယ့်မှာ တကယ်ရှိတဲ့ ကိုယ်ပိုင်တရားနဲ့ တရားအလှူ လှူရမှလည်း သူတစ်ပါးရဲ့ အကဲ့ရဲ့လွတ်ပြီး စိတ်ချမ်းသာရပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက သူတစ်ပါးကို တရားအလှူ ပေးလှူမယ့်သူဟာ ကိုယ့်သန္တာန်မှာ တရားရှိအောင် အရင်ဆုံး ကြိုးစားသင့်ကြောင်း၊ သူတစ်ပါးကို ပေးလှူတဲ့ တရား ကိုယ့်သန္တာန်မှာ မရှိရင် သူတစ်ပါးရဲ့ အကဲ့ရဲ့ကို ခံရတတ်ကြောင်း အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

'ပညာရှိသူတော်ကောင်းဆိုတာ ကိုယ့်ကိုယ်ကို သင့်တော်လျောက်ပတ်တဲ့ တရားဂုဏ်မှာ သက်ဝင်တည်နေအောင် အရင်ဆုံး ကြိုးစားရတယ်၊ ပြီးမှ သူတစ်ပါးကို ဆုံးမသွန်သင်ရတယ်၊ ဒီလိုမှမဟုတ်ရင် သူတစ်ပါးရဲ့ ကဲ့ရဲ့ပြစ်တင်မှုတွေနဲ့ ကိုယ့်ဘဝ ညစ်နွမ်းသွားတတ်တယ်၊ ကိုယ့်ဘဝကိုယ် အညစ်နွမ်းမခံပါနဲ့'

http://www.dhammadownload.com

ဗုဒ္ဓဘာသာဝင်မှန်ရင် မလုပ်မဖြစ် လုပ်ရမယ့် ကောင်းမှုဆယ်မျိုး (ပုညကြိယဝတ္ထုဆယ်ပါး)ထဲမှာ 'ဓမ္မ ဒေသနာ'(တရားဟောကြားခြင်း) ဆိုတဲ့ ကောင်းမှုတစ်ခု ပါဝင်ပါတယ်။ ဓမ္မဒေသနာကောင်းမှု ဆိုတာ ဓမ္မဒါန ကောင်းမှုပါပဲ။ ဓမ္မဒါနကောင်းမှုဆိုတာ ဘုန်းကြီးတွေသာ လုပ်ရမယ့်အလုပ် မဟုတ်ပါဘူး။ လူဝတ်ကြောင်တွေလည်း လုပ်ရမယ့်အလုပ်ပါ။ ပလ္လင်ပေါ်မှာ ထိုင်ဟောမှလည်း ဓမ္မဒါန မဟုတ်ပါဘူး။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း ကြုံရင်ကြုံသလို တရားစကားပြောဆိုတာဟာလည်း ဓမ္မ ဒါနပါပဲ။ တရားစာပေ ပို့ချသင်ကြားပေးတာဟာလည်း ဓမ္မဒါနပါပဲ။

နှုတ်က ထုတ်ပြောမှလည်း ဓမ္မဒါန မဟုတ်ပါဘူး။ တရားနဲ့ ပတ်သက်တဲ့ စာပေရေးသားတာ၊ စာအုပ်လှူတာ၊ တိပ်ခွေလှူတာ၊ အပြီးမလှူတောင်မှ ခေတ္တခဏငှားရမ်း တာ၊ တရားဟောပြောသူ, တရားစာရေးသားသူကို တတ် စွမ်းသမျှ လူအား, ပစ္စည်းအားနဲ့ ကူညီထောက်ပံ့တာ၊ ဒါတွေအားလုံးဟာ ဓမ္မဒါန - တရားအလှူတွေချည်းပါပဲ။

http://www.dhammadownload.com

တရားမမွလွှမ်းခြုံတဲ့ လူ့ဘောင်လောကကြီး ဖြစ်ထွန်းလာဖို့အတွက် အရေးတကြီး လိုအပ်နေတဲ့ မမ္မဒါန နှစ်ခုရှိပါတယ်။ အိမ်တွင်း မမ္မဒါနနဲ့ ကျောင်းတွင်း မမ္မဒါန ပါ။ 'လက်ဦးဆရာ' ဖြစ်တဲ့ မိဘများအနေနဲ့ 'အိမ်တွင်း မမ္မဒါန' ကို ဂရုတစိုက် ပြုလုပ်သင့်သလို 'လက်နှောင်း ဆရာ' ဖြစ်တဲ့ ဆရာဆရာမများအနေနဲ့လည်း 'ကျောင်း တွင်း မမ္မဒါန' ကို အလေးအနက်ထား ပြုလုပ်သင့်ပါတယ်။

လက်ဦးဆရာရော၊ လက်နှောင်းဆရာပါ လစဉ် ထုတ် ဘာသာရေးမဂ္ဂဇင်းတွေကို အတတ်နိုင်ဆုံး စုံလင် အောင် လတိုင်း ဖတ်ရှုသင့်ပါတယ်။ ထွက်သမျှအားလုံး အကုန်ဖတ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ လက်ဦးဆရာ ဖြစ်တဲ့ မိဘများက ကိုယ်ဖတ်ထားတဲ့ ဆောင်းပါး၊ ဝတ္ထုတွေ ထဲက ကိုယ့်သားသမီးနဲ့ သင့်တော်မယ့် အကြောင်းအရာ တွေကို သူ့မူရင်းအတိုင်းရော၊ ကိုယ့်ကောက်ချက်နဲ့ရော ကိုယ့်သားသမီးတွေကို ပြန်ပြောပြပေးသင့်ပါတယ်။ နေ့စဉ် မဟုတ်တောင် တစ်ရက်ခြား၊ နှစ်ရက်ခြားပေါ့။ တစ်ပတ် တစ်ခါဆိုရင်ပဲ မဆိုးလှပါဘူး။ အသက်အရွယ်နဲ့ လက်ရှိ

အခြေအနေအရ နေ့စဉ်လိုအပ်ရင်လည်း နေ့စဉ် ပြောပြပေးရပါမယ်။

သားသမီးတွေကိုလည်း လစဉ်ထုတ်ဘာသာရေးမဂ္ဂဇင်းတွေ ဝယ်ပေး၊ ငှားပေးပြီး မဖတ်မနေ ကိုယ်တိုင်ဖတ်ခိုင်းရပါမယ်။ တကယ် ဖတ်မဖတ်ကိုလည်း စစ်ဆေးကြည့်ရပါမယ်။ သူတို့ဖတ်ထားတာတွေထဲက 'ဘယ်ဆောင်းပါး၊ ဘယ်ဝတ္ထုတွေကို အကြိုက်ဆုံးလဲ၊ ဘာကြောင့်ကြိုက်ရတာလဲ' ဆိုတာကို မေးမြန်းပြီး သူတို့ပြောတတ်သလို ပြန်ပြောပြခိုင်းရပါမယ်။ ပြီးမှ လိုအပ်တာလေးတွေဖြည့်စွက်ပြီး ကိုယ်ဗဟုသုတရှိသလောက် ကောက်ချက်ချ၊ သင်ခန်းစာထုတ်ပေးရပါမယ်။

ညစဉ်ညတိုင်းလည်း အိပ်ရာဝင်ခါနီးတိုင်း ဘုရားခန်းထဲမှာ၊ သို့မဟုတ် ဘုရားရှေ့မှာ သားသမီးအားလုံးစုပေါင်းပြီး သံပြိုင် ဘုရားရှိခိုးစေသင့်ပါတယ်။ ဘုရားရှိခိုးပြီးရင် အနည်းဆုံး ငါးမိနစ်၊ ဆယ်မိနစ်လောက် တရားထိုင်ခိုင်းရပါမယ်။ နှာသီးဝ လေထိရာအရပ်မှာ စိတ်ကိုကပ်ထားပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်

http://www.dhammadownload.com

တယ်' လို့ ရှုမှတ်တာလောက်ကတော့ သားငယ်သမီးငယ် တိုင်း အလွယ်တကူ လုပ်နိုင်လောက်ပါတယ်။ ကိုယ်က ဘေးကနေ 'ဘယ်လိုရှု၊ ဘယ်လိုမှတ်' လို့ ပြောပေးပြီး ကိုယ်ကိုယ်တိုင်လည်း သားသမီးတွေနဲ့အတူ တရားရှုမှတ် ရပါမယ်။

အဲဒီလိုသာ အိမ်တွင်းဓမ္မဒါန နေ့စဉ်ပြုလုပ်သွား မယ်ဆိုရင် ကိုယ့်သားသမီးတွေကို အော်ဟစ်ကြိမ်းမောင်း အပြစ်ပြော ရိုက်နှက်ပြီး အကြမ်းနည်းနဲ့ ဆုံးမနေစရာလို မှာ မဟုတ်တော့ပါဘူး။ မိဘရော၊ သားသမီးပါ စိတ်နေ စိတ်ထားနဲ့ ကိုယ်ကျင့်တရား မွန်မြတ်သန့်စင်ပြီး အိမ်တိုင်း အိမ်တိုင်း သာယာအေးချမ်းတဲ့ 'သိရိဂေဟာ' (ကျက်သရေ မင်္ဂလာရှိတဲ့အိမ်) လေးတွေ ဖြစ်လာမှာ သေချာပါတယ်။

လက်နှောင်းဆရာဖြစ်တဲ့ ဆရာဆရာမများက လည်း ကိုယ်ဖတ်ထားတဲ့ ဘာသာရေးမဂ္ဂဇင်းတွေထဲက ကိုယ့်တပည့်တွေနဲ့ သင့်တော်မယ့် အကြောင်းအရာတွေကို တစ်ပတ်တစ်ချိန် သီးသန့်ပေးထားတဲ့ 'စာရိတ္တချိန်' မှာ ပြန်ပြောပြရပါမယ်။ တစ်ခါတစ်ရံကျတော့လည်း ကိုယ်

http://www.dhammadownload.com

အသိပေးချင်တဲ့ ဆောင်းပါးတစ်ပုဒ်ပုဒ်ကို အတန်းထဲက အာသွက်လျှာသွက်ရှိတဲ့ ကျောင်းသားကျောင်းသူ တစ်ယောက်ယောက်ကို အသံကျယ်ကျယ် ထွက်ဖတ်ခိုင်းပြီး တစ်တန်းလုံး ငြိမ်သက်စွာ နားထောင်စေသင့်ပါတယ်။ ပြီးမှ ကိုယ်က ကိုယ့်ဗဟုသုတနဲ့ ပေါင်းစပ်ပြီး ကောက်ချက်ချပေး၊ သင်ခန်းစာ ထုတ်ပေးရပါမယ်။

စာသင်ချိန်တစ်ချိန်ကို လေးဆယ့်ငါးမိနစ်ရှိမယ်ထင်ပါတယ်။ သက်ဆိုင်ရာဘာသာရပ်ဆရာအနေနဲ့ အတန်းထဲ ဝင်ဝင်ချင်း စာတန်းမသင်သေးဘဲ အတန်းသူအတန်းသားအားလုံးကို ထိုင်နေကျနေရာမှာ ထိုင်နေကျပုံစံအတိုင်း ထိုင်ခိုင်းပြီး ငါးမိနစ်လောက် တရားရှုမှတ်ခိုင်းသင့်ပါတယ်။

နှာသီးဝ လေထိရာအရပ်မှာ စိတ်ကို ကပ်ထားပြီး လေဝင်ရင် 'ဝင်တယ်'၊ လေထွက်ရင် 'ထွက်တယ်' လို့ ရှုမှတ်ရတဲ့အလုပ်ဟာ ဘယ်ဘာသာဝင်မဆို လုပ်လို့ရတဲ့ အလုပ်ဖြစ်ကြောင်း၊ ဘာသာတရား ကိုးကွယ်မှုနဲ့ ဘယ်လိုမှ မပတ်သက်ကြောင်း၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်စွမ်းရည်၊ စိတ်

http://www.dhammadownload.com

ခေတ်စွမ်းရည်နဲ့ အသိဉာဏ်စွမ်းရည်ကို သဘာဝနည်းလမ်းအတိုင်း မြှင့်တင်ပေးခြင်းသာဖြစ်ကြောင်း တပည့်တွေအားလုံး နားလည်လက်ခံ ကျင့်သုံးချင်လာအောင် ဘာသာစွဲ ကင်းရှင်းတဲ့စိတ်နဲ့ အေးအေးဆေးဆေး ရှင်းပြပေးရပါမယ်။

ငါးမိနစ်လောက် ဆရာရော တပည့်ပါ တရားရှုမှတ်ပြီးပြီဆိုမှ ကိုယ်သင့်ရမယ့် ဘာသာရပ်ကို ဆက်သင်သင့်ပါတယ်။ စာသင်ချိန် လေးဆယ့်ငါးမိနစ်ထဲက ငါးမိနစ်လောက် ယူသုံးလိုက်ရုံနဲ့တော့ စာသင်ကြားမှု ထိခိုက်မသွားနိုင်လောက်ပါဘူး။ လေးဆယ့်ငါးမိနစ်အပြည့် စာသင်တာထက်တောင် အများကြီး ထိရောက်လာတာတွေ့ရပါလိမ့်မယ်။ ခါတိုင်းထက် စိတ်တည်ငြိမ်မှု၊ အာရုံစူးစိုက်မှု ပိုကောင်းလာတဲ့အတွက် ဆရာရော တပည့်ပါ စာသင်ကြားရတာ သိပ်စိတ်ချမ်းသာစရာ ကောင်းပါတယ်။

ဆရာဆရာမတွေကသာ နေ့စဉ်နေ့တိုင်း ဘာသာရေးဗဟုသုတလေးတွေ ပြောပြပေးသွားမယ်၊ ကျောင်း

http://www.dhammadownload.com

သားလူငယ်တွေနဲ့ အသင့်တော်ဆုံးဖြစ်တဲ့ ဝင်လေထွက်လေ ရှုမှတ်မှုကို ကျင့်သုံးခိုင်းသွားမယ်ဆိုရင် တပည့်တွေအားလုံး လိမ္မာရေးခြားရှိသူတွေ ဖြစ်လာကြမှာပါ။ စိတ်နေစိတ်ထားတွေ ဖြူစင်လာမယ်၊ ကိုယ်ကျင့်တရားတွေကောင်းမွန်လာမယ်၊ ပြောဆိုဆုံးမရတာ လွယ်ကူလာမယ်၊ မှတ်ဉာဏ်တွေ ထက်မြက်ပြီး စာပေပညာလည်း ထူးချွန်လာမယ်၊ အကျိုးတရားတွေကတော့ ပြောပြလို့တောင်မကုန်နိုင်ပါဘူး။

နောင်တစ်ခေတ်ရဲ့ မျိုးဆက်သစ်ဖြစ်တဲ့ သားငယ်သမီးငယ်၊ တပည့်ငယ်တွေကို မိဘ၊ ဆရာသမားများက အိမ်တွင်းဓမ္မဒါန၊ ကျောင်းတွင်းဓမ္မဒါနတွေနဲ့ မေတ္တာတရားကြီးမားစွာ ပြုစုစောင့်ရှောက်သွားကြမယ်ဆိုရင် အနာဂတ်လူ့ဘောင်လောကကြီးဟာ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာမှာ သေချာပါတယ်။

တရားအလှူနဲ့ တခြားအလှူ လုံးဝမတူတဲ့ ထူးခြားချက်တစ်ခုက တခြားအလှူတွေမှာ လှူဖွယ်ဝတ္ထုကို

http://www.dhammadownload.com

အလှူခံပုဂ္ဂိုလ်ကပဲ ရပါတယ်။ အလှူပေးပုဂ္ဂိုလ်က မရပါဘူး။ အလှူပေးပုဂ္ဂိုလ်က လှူဖွယ်ဝတ္ထုကို စွန့်လွှတ်လိုက်ရပါတယ်။ တရားအလှူမှာကျတော့ တရားတည်းဟူသော လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်ရော၊ အလှူပေးပုဂ္ဂိုလ်ပါ နှစ်ဦးစလုံး ရပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ်ပြောတဲ့စကားကို ကိုယ်ကိုယ်တိုင်လည်း ကြားနေရလို့၊ ကိုယ်ဟောတဲ့တရားကို ကိုယ်ကိုယ်တိုင်လည်း သိနေရလို့ပါပဲ။

ကိုယ်ပြောတဲ့စကားကို သူတစ်ပါး နားထောင်သည်ဖြစ်စေ, နားမထောင်သည်ဖြစ်စေ၊ ကိုယ်ဟောတဲ့တရားအတိုင်း သူတစ်ပါး လိုက်နာသည်ဖြစ်စေ, မလိုက်နာသည်ဖြစ်စေ၊ ကိုယ်ကိုယ်တိုင်ကတော့ ကိုယ့်စကား၊ ကိုယ့်တရားအတိုင်း လိုက်နာကျင့်သုံးချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာပါတယ်။

'ဒီလိုမလုပ်ဖို့ သူများကို ငါ ပြောထားတယ်၊ ငါ လုပ်လို့ မဖြစ်ဘူး၊ ဒီလိုလုပ်ဖို့ သူများကို ငါ ပြောထားတယ်၊ ငါ လုပ်မှဖြစ်မယ်'

အဲဒီလို အတွေးမျိုးတွေ အခြေအနေ၊ အချိန်အခါ

http://www.dhammadownload.com

အားလျော်စွာ လိုအပ်တိုင်း ပေါ်ပေါက်လာပါတယ်။ ကိုယ်ပေးလှူတဲ့တရားမှာ စိတ်ဝင်တစားနဲ့ ဉာဏ်သွင်းထားတဲ့ တရားအလှူရှင်အတွက် တရားအလှူ ပေးလှူနေခြင်း သည်ပင် ကိုယ့်နှလုံးသားကို ပုံသွင်းထုဆစ်ပြုပြင် မွမ်းမံနေခြင်း ဖြစ်နေပါတယ်။ အလှူခံသူမှာ ရင့်ကျက်မသွားဘူးထား၊ အလှူပေးသူ မိမိမှာတော့ အလှူများများပေးလေ၊ များများ ရင့်ကျက်လာလေပါပဲ။ ကိုယ်ဟောတဲ့တရားက ကိုယ့်ကို ပြန်ဆုံးမနေလို့ပါ။

တကယ်တော့ တရားအလှူ ပေးလှူတယ်ဆိုတာ အလှူခံပုဂ္ဂိုလ်တွေကို မှန်ချပ်လေးတွေ ပေးဝေနေတာပါ။ ကိုယ့်လက်ထဲရောက်လာတဲ့ 'တရားမှန်' မှာ ကိုယ့်ရဲ့ ကိုယ်နှုတ်စိတ် ရုပ်ပုံလွှာတွေကို ကြည့်ရှုစစ်ဆေးပြီး အပြစ်အနာအဆာတွေ့ရင် ဖယ်ရှားပြုပြင်ဖို့၊ အနှစ်အသာအဆာတွေ့ရင် ထိန်းသိမ်းစောင့်ရှောက် တိုးမြှင့်ချဲ့ထွင်ဖို့ပါပဲ။ မှန်ထဲကြည့်မှ ကိုယ့်ရုပ်ပုံ ကိုယ်မြင်မှာ မဟုတ်လား။

သူတစ်ပါးကို 'မှန်' ပေးသလောက် ကိုယ့်မှာလည်း 'မှန်' တွေ ရနေတာမို့ တရားအလှူပေးသူမှာ

http://www.dhammadownload.com

တရားအလှူခံသူထက် တရားမှန်ချပ်တွေ ပိုများပါတယ်။ ကိုယ်လုံးပေါ် မှန်ချပ်တွေ ပတ်ပတ်လည်ဝိုင်းနေရင် ကိုယ်ရဲ့ ရုပ်ပုံကို ရှုထောင့်ပေါင်းစုံကနေ မြင်ရသလို တရားမှန်ချပ်တွေ စုံလင်များပြားလေ၊ ကိုယ့်ရဲ့ ကိုယ်နှုတ်စိတ် အရည်အသွေးတွေ ရုပ်လုံးပိုပေါ်လေပါပဲ။

ဘုရားရဟန္တာများကလွဲရင် တရားအလှူပေးလှူနေသူဟာ ကိုယ့်ကိုယ်ကို ဆုံးမနေသူပါ။ သူတစ်ပါးကို တစ်ကြိမ်တစ်ခါ ဆုံးမစကားပြောရင် ကိုယ့်ကိုယ်ကို အကြိမ်တစ်ရာမက ဆုံးမစကား ပြောပြီးသား ဖြစ်နေပါတယ်။ သူတစ်ပါးကို ပြောဆိုဆုံးမနေရင်း ကိုယ့်မှာ သံဝေဂဉာဏ်တွေ အထွတ်အထိပ် ရောက်လာနိုင်သလို တရားထူးတရားမြတ်တွေလည်း ရရှိသွားနိုင်ပါတယ်။ ဒါဟာ တရားအလှူရဲ့ အဓိက အနှစ်သာရပါပဲ။ တရားအလှူကြောင့် ကိုယ့်မှာ ရရှိမယ့် အဓိကအကျဆုံး ပစ္စုပ္ပန်အကျိုးတရားပါပဲ။

ဒါနပြုရမှန်း မသိသူတစ်ယောက် ကိုယ့်ရဲ့ ဒါနတရားအလှူကြောင့် ဒါနပြုဖြစ်သွားတယ်ဆိုရင် သူ ရသွား

http://www.dhammadownload.com

တဲ့ ဒါနကုသိုလ်နဲ့ ဒါနကုသိုလ်ရဲ့ အကျိုးတရား (ပစ္စည်း ဥစ္စာပေါများခြင်းစသည်) ဟာ ကိုယ်ပေးလှူလိုက်တဲ့ အရာတွေပါပဲ။ သီလစောင့်ရမှန်း မသိသူတစ်ယောက် ကိုယ့်ရဲ့ သီလတရားအလှူကြောင့် သီလစောင့်ဖြစ်သွား တယ်ဆိုရင် သူရသွားတဲ့ သီလကုသိုလ်နဲ့ သီလကုသိုလ်ရဲ့ အကျိုးတရား (ရုပ်ဆင်းဥပမိ ပြည့်စုံခြင်း၊ အနာရောဂါ ကင်းခြင်း စသည်) ဟာ ကိုယ်ပေးလှူလိုက်တဲ့ အရာတွေ ပါပဲ။

ဘာဝနာပွားရမှန်း မသိသူတစ်ယောက် ကိုယ့်ရဲ့ ဘာဝနာတရားအလှူကြောင့် ဘာဝနာပွားဖြစ်သွားတယ် ဆိုရင် သူရသွားတဲ့ ဘာဝနာကုသိုလ်နဲ့ ဘာဝနာကုသိုလ်ရဲ့ အကျိုးတရား (ဉာဏ်ပညာထက်မြက်ခြင်း၊ သံသရာ လွတ် မြောက်ခြင်း စသည်) ဟာ ကိုယ်ပေးလှူလိုက်တဲ့ အရာ တွေပါပဲ။

ဒါ့ကြောင့် တရားအလှူလှူရင် ဘာအကျိုးရနိုင် သလဲလို့ သံသရာကျိုးအနေနဲ့ မေးလာခဲ့ရင် အခုပြောခဲ့ သလိုပဲ အလှူခံပုဂ္ဂိုလ်တွေ ရရှိသွားတဲ့ အကျိုးတရားတွေ

http://www.dhammadownload.com

အကုန်လုံး ရနိုင်တယ်လို့ပဲ ပြောရတော့မှာပါ။ ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်သုံးမျိုးကြောင့် ရရှိနိုင်တဲ့ အကျိုးတရားတွေ အကုန်လုံး တရားအလှူရှင်မှာ ရရှိနိုင်ပါတယ်။

ဒါပေမဲ့ 'သူတစ်ပါးကိုသာ လှူခိုင်းပြီး ကိုယ်က မလှူရင် ဖြစ်လေရာဘဝတိုင်း အခြံအရံသာပေါပြီး ပစ္စည်းဥစ္စာမွဲတတ်တယ်' ဆိုတဲ့ ဘုရားအဆုံးအမကိုလည်း အထူးသတိပြုသင့်ပါတယ်။ နို့မဟုတ်ရင် 'ပညာလွန်ရင် ကောက်ကျစ်တတ်တယ်' ဆိုတဲ့စကားအတိုင်း 'သူတို့ ကျင့်ရင် ငါလည်း ရတာပဲ' ဆိုပြီး ကိုယ့်ကိုယ်ကို စိတ်ချလက်ချနေမိသွားမှာ စိုးရပါတယ်။ ကိုယ့်တရား ကိုယ်ပြန်မကြားရင် ကိုယ့်တရားက ကိုယ့်ကို ဘယ်တော့မှ ကယ်တင်မှာ မဟုတ်ပါဘူး။ ကိုယ့်တရား ကိုယ် ပြန်ကြားပြီး ကိုယ့်အကြားကိုယ်နာတတ်ဖို့ အရေးအကြီးဆုံးပါပဲ။ နာတတ် (ခံစားတတ်) မှ တုံ့ပြန်နိုင်တာ မဟုတ်လား။

မြတ်စွာဘုရားအလောင်းတော် လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ကြိုးပမ်းဖြည့်ကျင့်ခဲ့တာဟာ သတ္တဝါဝေနေယျတွေကို တရားအလှူ ပေးလှူနိုင်

http://www.dhammadownload.com

ဖို့အတွက်ပါ။ 'ငါဘုရား ပါရမီဖြည့်တာ တရားဟောဖို့ အတွက်' လို့ မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြား တော်မူထားပါတယ်။ တရားအလှူ မရှိရင် သာသနာ (ဘုရားအဆုံးအမ) လည်း ကွယ်ပျောက်သွားပါလိမ့်မယ်။ ဒါ့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ကိုယ်သိထားတဲ့တရားကို သူတစ်ပါး ဝေငှရမှာ နှမြောတွန့်တိုတဲ့ 'ဓမ္မမစ္ဆရိယ' ကို ဖယ်ရှားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ တရားအလှူ ပေး လှူသင့်ပါတယ်။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က တရားအလှူဟာ အနှိုင်းမဲ့အလှူဖြစ် တယ်လို့ 'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ' ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း တရားအလှူဆိုတဲ့ အနှိုင်းမဲ့အလှူကို အစွမ်းရှိသမျှ ပေး လှူနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

အပ္ပမာဒေန သမ္ပာဒေထ။

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

http://www.dhammadownload.com

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော

လက်ကမ်းစာအုပ်ငယ်များကို

ဓမ္မဒါန ပြုလုပ်လိုပါက

အောက်ပါလိပ်စာအတိုင်း

ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တက်လမ်းဆောက်လုပ်ရေးအဖွဲ့**

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း(အောက်)၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။

[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခွင့် မပြုပါ။

ဓမ္မဒါနသက်သက်အတွက်သာ စီစဉ်ပေးခြင်း ဖြစ်ပါသည်။]